# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 10, 2019 Volume 24, Number 8

**၁၀.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀/- ကျပ် |
| CBM Rate | = ၁၅၃၁.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၃.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၉၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ဝါးတင်ပို့မှုမှဝင်ငွေ အိမ်နီးချင်းတွေကိုမှီဖို့



ကမ္ဘာမှာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံပြီးရင် မြန်မာနိုင်ငံက ဝါးတောဧရိယာ တတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ တနင်္သာရီဒေသတို့ကို စီးပွားဖြစ် ဝါးအဓိက ထုတ်လုပ်နိုင်တဲ့ ဧရိယာအဖြစ် သစ်တောဦးစီးဌာနက သတ်မှတ်ထားပြီး စုစုပေါင်းဝါးတောဧရိယာ ဟက်တာပေါင်း ၁၇၈၃၈၀၀ ရှိပါတယ်။ နိုင်ငံအတွင်းဝါးထုတ်လုပ်မှုကတော့ နှစ်စဉ်ပျမ်းမျှ တောထွက်ဝါးအလုံးအရေအတွက် ၆၃ ဒသမ ၂ သန်းပါ။

မြန်မာနိုင်ငံရဲ့ဝါးက ဝင်ငွေရရှိမှုကို အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ နည်းပါးနေသေးတယ်လို့ သယံဇာတနဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီကပြောပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် ဝါးကရရှိတဲ့ဝင်ငွေဟာ ၂၀၁၅ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၃၆ ဘီလျံထိရှိခဲ့ပြီး အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ရဲ့ ပြည်တွင်းဝါးဈေးကွက် ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာဘီလျံ ၄၀ ရှိနေတယ်လို့ ၄င်းကပြောပါတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရဆိုရင်တော့ ဝါးနဲ့ကြိမ်ထုတ်ကုန် ပစ္စည်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ဘီလျံ ၆၀ ထိရှိခဲ့တယ်လို့ သူက ဆိုပါတယ်။

အာဆီယံအိမ်နီးချင်း ထိုင်းနိုင်ငံကို ကြည့်မယ်ဆိုရင်လည်း ဝါးမျိုးစိတ်တစ်ခုဖြစ်တဲ့ ကလွေဝါးကို စိုက်ခင်းတည်ထောင်ပြီး၊ မျှစ်ပြည်ပတင်ပို့မှုက နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ရှိနေတယ်လို့ သူကဆိုပါတယ်။ ဒါပေမဲ့ ကမ္ဘာ့တတိယဝါးတောဧရိယာအများဆုံးပိုင်ဆိုင်တဲ့ မြန်မာနိုင်ငံမှာတော့ ဝါးကရတဲ့ နိုင်ငံခြား ဝင်ငွေက နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ငါးသန်းခန့်သာရှိပါတယ်။ ထိုင်းကရတဲ့ဝင်ငွေနဲ့ယှဉ်လိုက်ရင် များစွာကွာဟနေတာကိုတွေ့ရမှာပါ။ ဝင်ငွေက သိပ်ပြီးထူးခြားတိုးလာတာမရှိသေးဘူးလို့ မြန်မာနိုင်ငံကြိမ်ဝါးလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးတင်ဦးကပြောပါတယ်။ ဝါးကိုကုန်ကြမ်းအဖြစ်နဲ့သာ ပို့နေရတာက မြန်မာ့ဝါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကအခက်အခဲတစ်ခုဖြစ်စေပြီး ကုန်ချောဖြစ်ဖို့ဆိုရင်လည်း တစ်ဖက်နိုင်ငံက လိုအပ်တဲ့ အရည်အသွေးမီအောင် ထုတ်လုပ်နိုင်ဖို့က စိန်ခေါ်မှုဖြစ်နေတယ်လို့ သူကပြောပါတယ်။ မြန်မာနိုင်ငံကဝါးကို အသေးစားထုတ်ကုန် (semi product) နဲ့ ဝါးအလုံးအဖြစ်တင်ပို့ကြပြီး အိန္ဒိယ၊ ပါကစ္စတန်နဲ့ စင်ကာပူနိုင်ငံတို့ကို

အဓိကထားတင်ပို့နေကြတာပါ။ တင်ပို့မှုထဲမှာ လက်မှုထည်ကတော့ နည်းနေပါသေးတယ်။ နှစ်စဉ်တင်ပို့မှုကတော့ရတဲ့ငွေက ဒေါ်လာ လေး၊ ငါးသန်းလောက်ပဲ ရှိပါသေးတယ်လို့ ဦးတင်ဦးကပြောပါတယ်။

လက်ရှိအသုံးပြုနေရတဲ့ ဝါးကုန်ကြမ်းတွေအတွက် သဘာဝဝါးတောတွေကိုသာ အဓိကမှီခိုနေရပြီး လိုအပ်တဲ့ ဝါးလုံး အရေအတွက်ကို အရည်အသွေးကောင်းစွာရရှိရေးကလည်း လုပ်ငန်းရှင်တွေအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ဒီမှာ ဝါးပါကေးထုတ်တာလည်း နည်းနည်းရှိတယ်။ ဒါပေမဲ့ သေချာတဲ့ ဝါးတောကြီးတွေမရှိတဲ့အချိန်မှာ စက်ရုံကြီး ခဏလေး လည်ပြီးတော့ လေးငါးခြောက်လမှာ ဝါးမရတာမျိုးဖြစ်လိုက်၊ ရလိုက်၊ မရလိုက်ဖြစ်လိုက်နဲ့ဆို အလုပ်သမားတွေလည်း အဆင် မပြေဘူး။ နေ့စဉ်ရမှုဖြစ်မယ်လို့ မြန်မာနိုင်ငံကြိမ်ဝါးလုပ်ငန်းရှင်အသင်းအကြံပေး ဦးတင်ထွန်းနီကပြောပါ တယ်။ ဝါးကဏ္ဍ တိုးတက်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်နေတဲ့ လုပ်ထုံးလုပ်နည်းနဲ့ ဥပဒေအချို့ကို ပြင်ဆင်နိုင်အောင် ကြိုးပမ်းနေကြ ပါတယ်။ သစ်တောဥပဒေအရ ဝါးကို သစ်တောထွက်ပစ္စည်းစာရင်းထဲမှာထည့်သွင်းထားပြီး သဘာဝဝါးတောထဲက ဝါးထုတ်ယူတဲ့အခါမှာ သစ်လိုပဲ လုပ်ထုံးလုပ်နည်းတွေအရထုတ်ယူရတာကြောင့် အချိန်ကြာမြင့်မှုတွေနဲ့ အခက်အခဲအချို့ကို လုပ်ငန်းရှင်တွေက ရင်ဆိုင်ကြရပါတယ်။ လုပ်ထုံးလုပ်နည်းတွေနဲ့ စာရွက်စာတမ်းတွေ လိုတယ်ဆိုရင် အရမ်းပဲ နှောင့်နှေးပါတယ်။ ဥပမာ ဝါးလုံး ၁၀၀ လောက် ပို့ဖို့ရှိတယ်ဆိုရင် အဆင့်ဆင့်သွားနေပြီး နှစ်ပတ်လောက်ကြာမယ်လို့ သူက ပြောပါတယ်။

မြန်မာနိုင်ငံက သဘာဝ ဝါးတောဧရိယာ ကျယ်ဝန်းပေမဲ့ ဝါးထုတ်ယူသုံးစွဲမှုနဲ့ စည်းကမ်းမဲ့ဝါးခုတ်နည်းတွေကြောင့် ဝါးပြုန်းတီးမှုကိုလည်း ရင်ဆိုင်နေပါတယ်။ အဲဒါကြောင့် စီးပွားရေးအရသာမက သဘာဝပတ်ဝန်းကျင်အတွက်လည်း အကျိုးပြု တဲ့ ဝါးကို အဓိကစိုက်ပျိုးကြဖို့လည်း ပညာရှင်တွေက တိုက်တွန်းထားကြပါတယ်။ နိုင်ငံတကာဈေးကွက်တွေကို တက်လှမ်း မယ်ဆိုရင်တော့ ဝါးကုန်ကြမ်းလိုအပ်ချက်ကရှိနေမှာဖြစ်ပြီး အရည်အသွေးကောင်းတဲ့ ဝါးလုံးတွေရရှိဖို့အတွက် ဝါးကို သေသေချာချာ စိုက်ပျိုးမှသာရနိုင်မယ်လို့ ဦးတင်ထွန်းနီက ပြောပါတယ်။ ဝါးစိုက်ပျိုးရေး တော်တော်လေး တိုးတက်လာ ပါတယ်။ ဒါပေမဲ့ ဝါးကနေ မျှစ်ခုတ်တာနဲ့ပတ်သက်ပြီးတော့လည်း တားဆီးမယ့်ဥပဒေလိုပါတယ်။ ဥပဒေအရ တိတိကျကျ ဟန့်တားနိုင်မယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ သူကပြောပါတယ်။ ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်နဲ့လုပ်ငန်းရှင်တွေအပြင် အစိုးရအနေနဲ့လည်း စိတ်ဝင်စားပြီး ပံ့ပိုးကူညီတာတွေ ရှိနေပါတယ်။ ဝါးစိုက်ဖို့အတွက် မြေဧကတွေပေးထားပြီး ပဲခူးတိုင်းဒေသကြီးထဲမှာ စိုက်ခင်းနဲ့ စက်ရုံတွေအထိပါဝင်မယ့် စက်မှုနှံဇုန်တစ်ခု ကိုလည်း ငါးနှစ်စီမံကိန်းအဖြစ် ၂၀၁၈ ခုနှစ်လောက်ကတည်းက စတင်အကောင်အထည်ဖော်နေပါတယ်။ စီမံကိန်း အစိတ်အပိုင်းတစ်ခုအဖြစ် ၁၀ ဧက ကျော်ကို ဝါးစမ်းသပ်စိုက်ပျိုးနေပြီး လာမယ့် ၂၀၂၀ လောက်မှာတော့ လုပ်ငန်းတွေကို အကောင်အထည်စဖော်နိုင်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ဝါးက မီးသွေးဖြစ်တဲ့အထိ အသုံးပြုလို့ရတယ်။ ကုန်ချော ဖြစ်စေမယ့် စက်ရုံတွေရှိဖို့လိုတယ်။ အသေးစားဖြစ်တဲ့ လက်မှုထည်လေးတွေ ထုတ်လုပ်တဲ့စက်ရုံလည်း ရှိဖို့လိုတယ်။ နောက်ဆုံးအဆင့် အမှုန်အမွှားအထိ နိုင်ငံတကာကိုတင်ပို့နိုင်တဲ့ စက်ရုံ၊ အလုပ်ရုံတွေရှိမှ တိုးတက်လာမှာဖြစ်ပါတယ်လို့ ဦးတင်ဦးကပြောပါတယ်။

ကျေးလက်နေ ပြည်သူတွေအတွက်တော့ ဝါးက မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အဓိက ဝါးသုံးသူတွေက စနစ်ကျပြီး မှန်ကန်တဲ့ဝါးခုတ်နည်းတွေကို မရရှိနိုင်တာကြောင့် ဝါးတောတွေ ပြုန်းတီးနိုင်တဲ့ အန္တရာယ်တွေလည်း ရှိနေတယ်လို့ သစ်တောတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစန်းဝင်းကပြောပါတယ်။ ဝါးကဏ္ဍတိုးတက်ဖို့အတွက် အစိုးရဘက်က ပံ့ပိုးမှုရှိရမှာဖြစ်သလို ပုဂ္ဂလိကကဏ္ဍကလည်း စိတ်ဝင်စားဖို့ လိုတယ်လို့ ဆိုပါတယ်။ နိုင်ငံတကာမှာလည်း အစပိုင်းမှာ သဘာဝဝါးတောကိုသာ မှီခိုလုပ်ကိုင်ကြရတာဖြစ်ပြီး နောက်ပိုင်းမှသာ ဝါးစိုက်ခင်းတွေကို တည်ထောင် လုပ်ကိုင်ကြရတယ်လို့ ၎င်းက ပြောပါတယ်။ နိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချရေးမှာ ဝါးက အရေးပါတာကြောင့် ဝါးကဏ္ဍက ရရှိမယ့် အကျိုးအမြတ်ကို ကျေးလက်နေ ပြည်သူတွေဆီလည်း ရောက်ဖို့လိုအပ်တယ်လို့ သူကဆိုပါတယ်။ ကျေးလက်နေပြည်သူတွေက ဝါးကိုစိုက်ပျိုးပြီး လုပ်ငန်းရှင်တွေက တန်ဖိုးမြင့်ထုတ်ကုန်တွေနဲ့ ဈေးကွက်ထိုးဖောက်တာတွေကို လုပ်ဆောင်သင့်တယ်လို့ သူက အကြံပြု ပါတယ်။ တစ်ယောက်တည်းစိုက်၊ တစ်ယောက်တည်းထုတ်ရင်တော့ ကျေးလက်ပြည်သူတွေမပါမှာ စိုးတယ်။ အဓိကတော့ ဆင်းရဲတာလျှော့ချတာကလည်း ခေါင်းစဉ်တစ်ရပ်အနေနဲ့ ပါသင့်တယ်လို့ ၎င်းက ပြောပါတယ်။ လက်ရှိမှာတော့ ဝါးကို

ကျေးလက်နေပြည်သူတွေက အခြေခံအဆောက်အအုံတွေအတွက် အဓိက အသုံးပြုကြသလို မျှစ်အဖြစ်လည်း အများအားဖြင့် စားသုံးကြပါတယ်။ တချို့ကတော့ ဝါးလက်မှုထည်တွေ ပြုလုပ်ရောင်းချကြပါတယ်။ ဒါကလည်း ပြည်တွင်းဈေးကွက်တွေ ထဲမှာသာ အဓိကအရောင်းအဝယ်ရှိနေပြီး ပြည်ပပို့ကုန်အထိ တက်လှမ်းနိုင်မှုက အားနည်းနေဆဲပါ။ ဝါးကဏ္ဍ တိုးတက်လာဖို့ ဆိုရင်တော့ ထုတ်ကုန်တစ်မျိုးချင်းစီကို အရည်အသွေးကောင်းအောင် ထုတ်လုပ်နိုင်မယ့် စက်မှုလုပ်ငန်းတွေ များစွာလိုအပ်တဲ့ အပြင် ရင်းနှီးမြှုပ်နှံသူတွေ များလာဖို့ကလည်း အရေးပါနေပါတယ်။ ဒီလိုအခြေအနေဖြစ်လာမှသာ ဝါးကဏ္ဍက အရှေ့တစ်ခု ရောက်မယ်လို့ လုပ်ငန်းရှင်တွေက မျှော်လင့်ထားကြပါတယ်။ အနည်းဆုံးတော့ ဝါးကဝင်ငွေတစ်ဘီလျံလောက်တော့ ရသင့် တယ်ထင်ပါတယ်လို့ ဒေါက်တာဆန်းဝင်းကဆိုပါတယ်။

**Source:** https://myanmar.mmtimes.com/news/129427.html

## ဟူနန်ပြည်နယ်၊ ကျန်းရှမြို့တွင် The One Town One Product International Commodity Fair (OTOP 2019) ပြပွဲကျင်းပသွားမည်

ဟူနန်ပြည်နယ်၊ ကျန်းရှမြို့တွင် The One Town One Product International Commodity Fair (OTOP 2019)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူနန်ပြည်နယ်၏မြို့တော် ကျန်းရှ (Changsha)ရှိ Changsha International Convention and Exhibition Center တွင် နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ စိတ်ပါဝင် စားသည့် လုပ်ငန်းများမှ လာရောက်ပြသနိုင်ကြကြောင်း ပြပွဲကျင်းပရေး ကော်မတီက ဖိတ်ကြားလာပါသည်။ ဤပြပွဲ၏ ရည်ရွယ်ချက်မှာ “ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုနှင့် တစ်ကမ္ဘာ၊ မြို့တစ်မြို့ ကုန်စည်တစ်ရပ်နှင့် အိပ်မက်တစ်ရပ်” ဖြစ်ရာ အဆိုပါပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မိမိ၏ ကုန်ပစ္စည်းများအကြောင်းကို နိုင်ငံတကာမှ သိရှိစေကာ၊ ပါဝင်ပြသသည့် နိုင်ငံ အားလုံးတို့အချင်းချင်း အပြန်လှန်ဖလှယ်နိုင်ကြကာ၊ ပေါင်းစည်းဖွံ့ဖြိုးမှုပြုရေးအတွက် တံခါးဖွင့်ပေးထားသော ကြားခံနေရာ တစ်ခုကို တည်ထောင်သွားနိုင်မည်ဖြစ်ပါသည်။ ဤပြပွဲသို့ ကမ္ဘာတစ်ဝှမ်းမှ လာရောက်ပြသသူ (၆၀၀၀)ခန့်၊ လာရောက် ကြည့်ရှုမည့် ကျွမ်းကျင်သူ (၂၀၀၀၀)ခန့်နှင့် သာမန်လာရောက်သူ (၅၀၀၀၀၀)ခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ခင်းကျင်း ပြသမည့် အမျိုးအစားများမှာ “မြို့တစ်မြို့ ကုန်ပစ္စည်းတစ်ခု” ဆောင်ပုဒ်ကို အထူးပြုဖော်ပြနိုင်သည့် အားသာချက် ရှိသော ကုန်စည်များဖြစ်ကြသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ထုတ်လုပ် ထားသော ကုန်စည်များ၊ တရုတ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ အပေါ့စားကုန်ပစ္စည်းများ၊ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းများ၊ ရှေ့တန်းမှ ဦးဆောင်နေသည့် နိုင်ငံခြားကုန်ပစ္စည်းများစသည်တို့ဖြစ်ကြပါသည်။ ပြခန်းများအတွက် ၉ စတုရန်း မီတာကျယ်ဝန်းသည့် ပုံမှန်အခန်းများကို အခမဲ့ပေး သွားမည် ဖြစ်ကာ၊ ကျန်းရှမြို့တွင် နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့ အထိ (၅)ရက်တာအတွက် (၉ စတုရန်းမီတာ ပြခန်းတစ်ခန်းလျှင် လူ (၂)ဦးနှုန်းဖြင့်) လူ(၂)ဦးနေထိုင်ရန် အခန်း(၁)ခန်းစီ စီစဉ်ပေးသွားမည်ဖြစ်ပါသည်။ သို့ရာတွင် ပြပွဲသို့ လာရောက်ပြသမှု မပျက်ကွက်စေရန် အလို့ငှာ အခန်း(၁)ခန်းလျှင် ယွမ်(၁၀၀၀)စပေါ်ငွေ တင်ထားရန်အပ်မည်ဖြစ်ပါသည်။ ဟူနန်ပြည်နယ်သည် တရုတ်နိုင်ငံ တောင်ပိုင်းဒေသတွင် တည်ရှိပြီး၊ တောင်ကုန်း တောင်တန်းပေါ်များကာ၊ မြောက်ပိုင်းတွင် ဟူပေ (Hubei) ပြည်နယ်၊ အရှေ့ပိုင်းတွင် ကျန်းရှီး (Jangxi) ပြည်နယ်၊ တောင်ပိုင်းတွင် ကွမ်တုန်းနှင့် ကွမ်ရှီးပြည်နယ်များဖြင့် နယ်နမိတ်ချင်းထိစပ်နေသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တရုတ် နိုင်ငံ၏ ပြည်နယ်များ၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးအဆင့်၌ အဆင့်(၉)နေရာတွင် ရပ်တည်လျက်ရှိကာ၊ အလျင်မြန်ဆုံးဖွံ့ဖြိုးလာနေသည့် လူဦးရေ သန်း(၇၀)ကျော်ရှိ သောပြည်နယ် တစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် လက်ဖက် အဓိကစိုက်ပျိုးသော နေရာဖြစ်ကာ၊ သံမဏိ၊ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများအတွက် အရေးပါသော နေရာ ဖြစ်ပါသည်။ Stibnite သတ္တုထုတ်လုပ်သော သတ္တုတွင်းများလည်းတည်ရှိပါသည်။ ထို့ပြင် ကွန်ကရစ်စက်များနှင့် ဝန်ချီ စက်များ၊ မီးရှူးမီးပန်းများကို ထုတ်လုပ်သော နိုင်ငံတကာမှလုပ်ငန်းအချို့လည်း တည်ရှိပါသည်။ ဟူနန်ပြည်နယ်မှ လူတစ်ဦးချင်း၏ ပျမ်းမျှတစ်နှစ်ဝင်ငွေမှာ (၅၀,၅၆၃)ယွမ်ခန့်ရှိပါသည်။ လူတစ်ဦးချင်း၏ တစ်လပျမ်းမျှဝင်ငွေမှာ မြန်မာ ကျပ်ငွေ (၈၅၀,၀၀၀)ခန့်ရှိသဖြင့် မြန်မာကုန်ပစ္စည်းများကို ဝယ်လိုအားရှိနိုင်မည်ဟုခန့်မှန်းရပါသည်။ အထူးသဖြင့် ဤတစ်ကြိမ်တွင် အခမဲ့ပြခန်းနှင့် နေရာထိုင်ခင်းပေးထားသဖြင့်လည်းကောင်း၊ ပြပွဲကာလမှာ အဆောက်အအုံအတွင်း ပြုလုပ်သောပွဲများကို စိတ်ဝင်စားကြသည့် ဆောင်းရာသီကာလဖြစ်ပြီး နှစ်သစ်ကူးမတိုင်မီ ကုန်ပစ္စည်းများကို ဝယ်ယူစုဆောင်း သောကာလဖြစ်သဖြင့်လည်းကောင်း မြန်မာလုပ်ငန်းရှင်များအတွက် လာရောက်ပြသသင့်သော အချိန်အခါဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-တရုတ်**

## အုန်းသီးဈေး ပြန်ကောင်းလာ၍ ထိုင်းသို့ပို့မည်



ထိုင်းနိုင်ငံတွင် အုန်းသီးဈေး ပြန်လည်ကောင်းလာသောကြောင့် မြန်မာ့အုန်းသီးများတင်ပို့မည်ဟု မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများအသင်းဥက္ကဌ ဦးမျိုးဝင်းကပြောသည်။ ပြီးခဲ့တဲ့နှစ်မှာ ကုန်သည်တွေက မူဆည်ဘက်ကိုပဲတင်ပို့ကြပါတယ်။ ဒီနှစ် ဈေးပြန်ကောင်းလာလို့ ပြန်ပြီးတင်ပို့ဖြစ်တာပါ။ အုန်းသီးဈေးနှုန်းနဲ့တင်ပို့ရမယ့် တန်ချိန်ကိုတော့ ညှိနှိုင်းနေတုန်းပါ။ နောက်လမှာ အပြီးသတ် စာချုပ်ချုပ်ဆိုမှာပါဟု ၎င်းကပြောသည်။ လက်ရှိတွင် အုန်းသီးခြောက်တစ်လုံးလျှင် ထိုင်းဘတ်ငွေ ၂၀ ခန့် ပေါက်ဈေး ရှိနေပြီး ၂၀၁၈ ခုနှစ်က ထိုင်းဘတ်ငွေ ၁၀ ဘတ်မှ ၁၅ ဘတ်အထိသာ ပေါက်ဈေးရှိခဲ့သည်။ ပြည်တွင်းတွင် အုန်းသီးခြောက်လက်လီပေါက်ဈေးမှာ ကျပ် ၅၀၀ မှ ကျပ် ၈၀၀ အထိ ပေါက်ဈေးရှိနေသည်။ ထိုင်းသို့ အုန်းသီးတင်ပို့ရန် စာချုပ်ကို နိုဝင်ဘာလတွင် ချုပ်ဆိုမည်ဖြစ်ပြီး မေလအထိတင်ပို့မည်ဟု ၎င်းကပြောသည်။ ပြည်တွင်းအုန်းသီးထွက်ရှိမှုနည်းပါးသဖြင့် ပြည်ပသို့တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုရာတွင် ကာလတိုသတ်မှတ်ချက်ဖြင့်သာ စာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ အုန်းသီးကို ၂၀၁၅ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချမှုများပြုလုပ်ခဲ့သည်။ အသင်းအနေဖြင့် စာရင်းအတိအကျ ကောက်ယူထားမှုမရှိသော်လည်း ပြည်တွင်းအုန်းသီးစိမ်း သောက်သုံးမှုများပြားလာသဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက အုန်းသီးစိမ်းရောင်းချရမှုမှာ နှစ်ဆခန့်တိုးမြင့်လာနိုင်ကြောင်း ဦးမျိုးဝင်းကသုံးသပ်သည်။

မြန်မာနိုင်ငံတွင် အုန်းသီးအထွက်နှုန်းလျော့လာသဖြင့် မျိုးကောင်းမျိုးသန့် အုန်းသီးမျိုးများစိုက်ပျိုးနိုင်ရန် အုန်းသီးအစုအဖွဲ့က တောင်သူများကို စည်းရုံးပညာပေးမှုများ လုပ်ဆောင်နေကြောင်း ဦးမျိုးဝင်းကဆိုသည်။ မြန်မာနိုင်ငံတွင် အုန်းသီးစိုက်ဧက ၁၃၀၀၀၀ ကျော်ရှိပြီး အုန်းသီးဆွတ်ခူးနိုင်ပြီဖြစ်သည့် အုန်းသီးစိုက်ဧကမှာ တစ်သိန်းကျော်ရှိကြောင်း အသင်း၏ စာရင်းများတွင် ဖော်ပြထားသည်။ စိုက်ပျိုးသည့် အုန်းသီးအမျိုးအစား၊ ပြုပြင်ထိန်းသိမ်းမှုပေါ်မူတည်၍ တစ်ဧကလျှင် အုန်းသီးအလုံးရေ ၁,၀၀၀ ကျော်မှ ၅,၀၀၀ ကျော်အထိ ထွက်ရှိပြီး အုန်းသီးထွက်ရှိမှု အများဆုံးဒေသမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး အုန်းသီးထွက်ရှိမှု အနည်းဆုံးဒေသမှာ ကယားပြည်နယ်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129424.html

## ရေနံ၊ သဘာဝဓာတ်ငွေ့ကဏ္ဍမှ ကန်ဒေါ်လာ၂၅ ဘီလျံရှာထား

ပြီးခဲ့သော နှစ် ၃၀ ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၅ ဘီလျံရှာဖွေ ပေးထားပြီးဖြစ်သည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)ဦးဇော်အောင်ကပြောသည်။ ၁၉၉၈ ခုနှစ် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း စတင်ထုတ်လုပ်စဉ်ကတည်းက ၂၀၀၀ ပြည့်နှစ်မှာ ရဲတံခွန်စထုတ်စဉ်ကတည်းက ယနေ့အချိန်ထိ စီမံကိန်းလေးခုဖြစ်သွားပြီ။ ရတနာ၊ ရဲတံခွန်၊ ဇောတိကနဲ့ ရွှေ။ စုစုပေါင်းကန်ဒေါ်လာ ၂၅ ဘီလျံ ရှာခဲ့ပြီးပြီ။ မနည်းပါဘူး။ ၂၅ ဘီလျံကို ဘာသုံးလဲဆိုတာတော့ ကျွန်တော်မသိပါဘူးဟု ယခုလ ၉ ရက်တွင် ပြုလုပ်ခဲ့သော ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းဆွေးနွေးပွဲတွင် ၎င်းက ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/129415.html

## ဆူဇူကီးမှ ကားထုတ်လုပ်မှုမြှင့်တင်

ဆူဇူကီးမြန်မာ မော်တော်ကုမ္ပဏီသည် ရောင်းအားကြောင့် ယခုနှစ်အတွင်း မော်တော်ကားအသစ်စီးရေတိုးမြှင့်ထုတ်လုပ်ခဲ့သည်ဟု ကုမ္ပဏီတာဝန်ရှိသူများကပြောသည်။ အဆိုပါဂျပန်မော်တော်ကားကုမ္ပဏီသည် ၂၀၁၈ ခုနှစ်တွင် မော်တော်ကားအသစ်စီးရေ ၁၂၀၀၀ ထုတ်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အတွက် မော်တော်ကားအသစ်စီးရေ ၁၅၀၀၀ ထုတ်လုပ်မည်ဖြစ်သည်။ ကျွန်တော်တို့စက်ရုံရဲ့ အရောင်းအခြေအနေတွေကြောင့် ဒီနှစ်မှာ မော်တော်ကားသစ်တွေ ပိုမိုထုတ်လုပ်ခဲ့ပါတယ်။ လာမည့်နှစ်တွေအတွက်လည်း ရောင်းအားအခြေအနေအပေါ်မူတည်ပြီး ကားသစ်တွေတိုးမြှင့်ထုတ်လုပ်ဖို့အစီအစဉ်ရှိပါတယ်ဟု ဆူဇူကီးမြန်မာမော်တာကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာခဲအိချိအဆနိုကပြောသည်။ လက်ရှိမြန်မာနိုင်ငံ၏ မော်တော်ကားအသစ်ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဆူဇူကီးမော်တော်ကားများက ရရှိထားသည်ဟု ၎င်းကပြောသည်။ ကျွန်တော်တို့မှာ အရောင်းကိုယ်စားလှယ်ကြီး ၅၀ ရှိပါတယ်။ သူတို့ကနေ ဆူဇူကီးရဲ့ဝန်ဆောင်မှုတွေနဲ့ရောင်းချပြီးနောက် ဝန်ဆောင်မှုတွေကို ဝယ်သူတွေကို ပံ့ပိုးပေးနိုင်တယ်။ ဒါကကျွန်တော်တို့အတွက် အရေးကြီးတဲ့အားသာချက်တစ်ခုလို့ပြောလို့ရပါတယ်ဟု မစ္စတာခဲအိချိအဆနိုကပြောသည်။

ဆူဇူကီးမြန်မာမော်တော်ကားကုမ္ပဏီသည် ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တောင်ဒဂုံစက်မှုဇုန်တွင် ကယ်ရီထရပ်ကားများကို စတင်ထုတ်လုပ်ခဲ့သည်။ ကုမ္ပဏီသည် ၂၀၁၆ တွင် Ertiga ကားအမျိုးအစားကို စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၁၇ တွင် Ciaz ကားအမျိုးအစားကိုထုတ်လုပ်ခဲ့သည်။ ၂၀၁၈ တွင် သီလဝါအထူးစီးပွားရေးဇုန်တွင်ကား စက်ရုံတစ်ရုံထပ်မံဆောက်လုပ်ပြီး မော်တော်ယာဉ်များကို ဆက်လက်ထုတ်လုပ်နေသည်။ လက်ရှိတွင် Ertiga ကားအမျိုးအစားကို စက်ရုံထုတ်ဈေး ကျပ် ၂၇၀ သိန်းခန့်၊ Ciaz ကားအမျိုးအစားကိုလည်း ကျပ် ၂၇၀ သိန်းခန့်ဖြင့် ရောင်းချနေပြီး Suzuki GLX ကို ကျပ် ၂၄၀ သိန်းနှင့် Suzuki GL ကို ကျပ်သိန်း၂၀၀ တို့ဖြင့် ရောင်းချနေသည်။

မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒအရ ၂၀၂၀ ပြည့်နှစ်တွင် မော်တော်ယာဉ်စီးရေ နှစ်သန်းခန့်ရှိလာမည်ဟု ခန့်မှန်းထားသည်။ နိုင်ငံတွင် မော်တော်ယာဉ်သုံးစွဲမှုပမာဏများပြားလာသော်လည်း ဈေးကွက်တွင် ရောင်းချလျက်ရှိသည့် မော်တော်ယာဉ် ၁၇၅ စီးတွင် အသစ်တစ်စီးသာပါဝင်ပြီး မော်တော်ယာဉ်အသစ်ရောင်းချရမှုမှာ သုည ဒသမ သုည ၅ ရာခိုင်နှုန်းသာရှိသည်။ သို့သော် နိုင်ငံ၏မော်တော်ယာဉ်လိုအပ်ချက်မြင့်မားမှုနှင့်အတူ နိုင်ငံတကာအမှတ်တံဆိပ်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းများလာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/129431.html

## သီလဝါအထူးစီးပွားရေးဇုန် A နှင့် ဇုန် B ရှိ မြေကွက်များကို လာမည့် ၂၀၂၂ ခုနှစ်တွင် အပြီးရောင်းချပြီး အထူးစီးပွားရေးဇုန်၏ တောင်ဘက်၌ မြေဟက်တာ ၂၀၀ အား ထပ်မံအကောင်အထည်ဖော်ရန် စီစဉ်ထားဟုဆို



သီလဝါအထူးစီးပွားရေးဇုန် A နှင့် ဇုန် B ရှိ မြေကွက်များအား လာမည့် ၂၀၂၀ ခုနှစ်တွင် အပြီးရောင်းချပြီး အထူးစီးပွားရေးဇုန်၏ တောင်ဘက်တွင် မြေဟက်တာ ၂၀၀ အား ထပ်မံအကောင်အထည်ဖော်ရန်စီစဉ်ထားကြောင်း Myanmar Japan Thilawa Development Ltd (MJTD) ၏ President & CEO ဖြစ်သူ Mr. Tomoyasu SHIMIZU ၏ ပြောကြားချက်အရသိရသည်။ MJTD ၏ Midterm Business Plan အရ သီလဝါအထူးစီးပွားရေးဇုန် A နှင့် ဇုန် B အား လာမည့် ၂၀၂၂ တွင် နောက်အကျဆုံး အပြီးအစီးရောင်းချနိုင်မည်ဟုမျှော်မှန်းထားပြီး ရှေ့ဆက်ပြီး အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်အနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ တောင်ဘက်တွင် မြေဧက ဟက်တာ ၂၀၀ အား အကောင်အထည်ဖော်ရန်စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ “MJTD ရဲ့ Midterm business plan အရ သီလဝါအထူးစီးပွားရေးဇုန် A နဲ့ ဇုန် B ကို လာမယ့် ၂၀၂၂ မှာ နောက်အကျဆုံး အပြီးအစီးရောင်းချနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ဆက်လက်ပြီး SEZ ရဲ့ တောင်ဘက်မှာ မြေဟက်တာ

၂၀၀ ကို အကောင်အထည်ဖော်ဖို့ စီစဉ်နေပါတယ်။ ဒီလိုအကောင်အထည်ဖော်နိုင်ဖို့အတွက် ဇုန် B ရဲ့ တည်ဆောက်ရေး လုပ်ငန်းတွေကို ၂၀၂၀ ဒီဇင်ဘာမှာ ပြီးစီးနိုင်အောင် ဆောင်ရွက်နေပါတယ်ဟု MJTD ၏ President & CEO ဖြစ်သူ Mr. Tomoyasu SHIMIZU က ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန် A အဖြစ် အကောင်အထည်ဖော်နေသည့် မြေ ၄၀၅ ဟက်တာအနက် ၉၉ ရာခိုင်နှုန်းအား ရောင်းချပြီးဖြစ်ကာ ဇုန် B တွင် ရာခိုင်နှုန်း ၅၀ ခန့် ရောင်းချပြီးဖြစ်ကြောင်းသိရသည်။ “MJTD အနေနဲ့သီလဝါ SEZ မှာ အကောင်အထည်ဖော်သွားမယ့် မြေဧက ၂၄၀၀ ဟက်တာရှိပါတယ်။ ဇုန် A ၄၀၅ ဟက်တာရှိပြီး ပထမဆုံး အကောင်အထည် ဖော်ခဲ့တဲ့ဧရိယာဖြစ်ပါတယ်။ အခုဆိုရင်ဇုန် A ကို အကောင်အထည်ဖော်ပြီးသွားတော့ ဇုန် B ကိုလည်း ဆက်လက်အကောင် အထည်ဖော်နေပါတယ်။ ဇုန် B ကို အကောင်အထည်ဖော်တဲ့နေရာမှာ Phase by Phase အပိုင်းလိုက်ခွဲခြားပြီး အကောင်အထည်ဖော်နေပါတယ်။ လက်ရှိမှာတော့ ဇုန် A ရဲ့ ၉၉ ရာခိုင်နှုန်းကို ရောင်းချပြီးဖြစ်သလို ဇုန် B ရဲ့ အပိုင်း (၁) မှာ ၇၉ ရာခိုင်နှုန်း၊ အပိုင်း (၂) မှာ ၄၉ ရာခိုင်နှုန်းနဲ့ အပိုင်း (၃) မှာ ၆၂ ရာခိုင်နှုန်းရောင်းချပြီးဖြစ်ပါတယ်ဟု Myanmar – Japan Thilawa Development ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူကပြောကြားသည်။ သီလဝါအထူးစီးပွားရေးဇုန် (B) ၌ တိုယိုတာက စက်ရုံတည်ဆောက်ပြီး ၂၀၂၁ မှစတင်ကာ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရန်မြေ ၂၁ ဟက်တာအား ရယူထားကြောင်း Myanmar – Japan Thilawa Development ကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံရှိ သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်နေသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး တိုယိုတာ မော်တော် ကားကုမ္ပဏီက အဆိုပါသီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း သီလဝါတွင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ဝင်စားသည့် ဂျပန်ကုမ္ပဏီအများအပြားရှိလာကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Ichiro Maruyama ကဆိုသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်ဗဟိုပြုစက်ရုံလုပ်ငန်း Domestic Market Oriented တွေက ရာခိုင်နှုန်း ၇၀ ရှိနေပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပဈေးကွက်အား ထိုးဖောက်မယ့်ကုမ္ပဏီများ လာရောက်နိုင်ရန် မျှော်မှန်းထားကြောင်း Mynmar Japan Thilawa Development Ltd မှ သိရသည်။

**Source:** https://news-eleven.com/article/139388

## အမေရိကန်-တရုတ်ကုန်သွယ်ရေး ဆွေးနွေးမှုမတိုင်ခင် ရွှေဈေးတက်

ယခုအပတ်အတွင်း လုပ်ဆောင်မယ့် အမေရိကန်-တရုတ်ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှုတွေမတိုင်ခင် အောက်တိုဘာ ၇ ရက်မှာတော့ ကမ္ဘာ့ရွှေဈေးနှုန်းတွေ တက်လာခဲ့တယ်လို့ သိရပါတယ်။ ယင်းနေ့က spot gold ရွှေဈေး ကတော့ ၀ ဒသမ ၃ ရာခိုင်နှုန်း တက်ပြီး တစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၅၀၈ ဒသမ ၂၃ ကို ရောက်နေခဲ့ပါတယ်။ ဒါဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးမှုအပေါ် စိုးရိမ်ပူပန်မှုတွေ မြင့်တက်နေလျက်ရှိစဉ် ပြီးခဲ့တဲ့အပတ်အတွင်း ရွှေဈေးနှုန်း တွေဟာ ၀ ဒသမ၅ ရာခိုင်နှုန်းအထိ မြင့်တက်ထားခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်ရွှေကြိုပွဲဈေးနှုန်းကလည်း ၀ ဒသမ ၁ ရာခိုင်နှုန်းတက်ခဲ့ပြီး တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၅၁၃ ဒသမ ၉၀ အထိ မြင့်တက်ခဲ့ပါတယ်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးမှုတွေကိုတော့ အောက်တိုဘာ ၁၀ နဲ့ ၁၁ ရက်မှာ ဝါရှင်တန်မှာ ကျင်းပသွားဖွယ်ရှိနေပေမယ့် ခိုင်မာတဲ့သဘောတူညီချက်တွေရဖို့ မျှော်လင့်ချက်တွေ နည်းပါးနေလျက်ရှိပါတယ်။

**Source:**https://www.businesstimes.com.sg/.../gold-rises-ahead-of-us-c...

SFJ Strategy First Journal

## တံတားသစ်ကြောင့် ထိုင်း-မြန်မာ စီးပွားရေးချိတ်ဆက်မှု အားကောင်းနိုင်ရန်မျှော်လင့်



ဒုတိယမြောက် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားတစ်စင်းကို ပြီးခဲ့တဲ့ အောက်တိုဘာ ၃၀ ရက်ကနေစပြီး အပြည့်အဝ အသက်ဝင်လာခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးကတော့ ပိုမိုတိုးတက်အားကောင်းလာမယ်လို့ မျှော်လင့်ရပါတယ်။ အဆိုပါ တံတားဟာ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု မြင့်တင်နိုင်ရန်၊ ကုန်စည်စီးဆင်းမှု အားကောင်းလာစေရန်၊ မဲဆောက်ကနေတဆင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ အားကောင်းလာစေရန်တို့အတွက် ယခုတံတားက အဓိကကျနေလျက်ရှိကြောင်း ထိုင်းကုန်သည်အသင်း ဒုဥက္ကဋ္ဌ Niyom Wairatpanich က ပြောသွားပါတယ်။

မြန်မာနဲ့အကြား ထိုင်းရဲ့နယ်စပ်ကုန်သွယ်မှုကတော့ ယမန်နှစ်က ဘတ်ငွေ ၁၉၃ ဘီလီယံထိရှိခဲ့ပြီး အစောပိုင်းတစ်နှစ်ကထက် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ဒါ့အပြင် မဲဆောက်ကနေတဆင့် နယ်စပ်ကုန်သွယ်မှုကလည်း ၂၀၁၈ တုန်းက ဘတ်ငွေ ၈၀ ဘီလီယံအထိ ရှိခဲ့ပါတယ်။ အိမ်နီးချင်း နိုင်ငံလေးနိုင်ငံစလုံးနဲ့အကြား ထိုင်းနိုင်ငံရဲ့ စုစုပေါင်းနယ်စပ်ကုန်သွယ်မှုကတော့ ယမန်နှစ်က ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ဘတ်ငွေ ၁ ဒသမ ၁၂ ထရီလီယံအထိ ရှိလာခဲ့ပါတယ်။

**Source:**https://www.bangkokpost.com/business/1764514/

SFJ Strategy First Journal

## စင်ကာပူမှာ အရွယ်အစားကြီး ပြည်တွင်း အွန်လိုင်းစတိုးတစ်ခုကို ဖွင့်လှစ်လိုက်တဲ့ Amazon




အမေရိကန် e-commerce လုပ်ငန်းကုမ္ပဏီကြီး Amazon ကတော့ ယခုအခါစင်ကာပူမှာ အရွယ်အစားကြီး ပြည်တွင်းစတိုးနဲ့ ဈေးဝယ်နေရာတစ်ခုကို ဖွင့်လှစ်လုပ်ကိုင်ကြောင်း ထုတ်ပြန်လိုက်ပါတယ်။ ဒါဟာ Amazon အနေနဲ့ စင်ကာပူမှာ ယင်းရဲ့ထုတ်ကုန်အစုအဖွဲ့ကို ချဲ့ထွင်လိုက်ခြင်းဖြစ်သလို Alibaba Group ရဲ့ Lazada နဲ့ Sea ရဲ့ Shopee တို့လို ပြိုင်ဘက်တွေနဲ့အကြား ပြိုင်ဆိုင်မှုကို ပိုမိုအရှိန်မြှင့်တင်လိုက်ခြင်းလည်းဖြစ်ပါတယ်။ အမေရိကန်ကုမ္ပဏီအနေနဲ့ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက စင်ကာပူမှာ ယင်းရဲ့ပြည်တွင်းအွန်လိုင်းဈေးဝယ်စတိုးကို ဖွင့်လှစ်လုပ်ကိုင်နေခဲ့တာဖြစ်ပါတယ်။ ယင်းကိုတော့ မိုဘိုင်းအက်ပလီကေးရှင်းတစ်ခုကနေတဆင့် မြန်ဆန်တဲ့ delivery service တစ်ခုကိုပါ ကမ်းလှမ်းပေးနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါ ကနဦးစတိုးမှာတော့ အိမ်ထောင်စုသုံးပစ္စည်းတွေကိုပဲ အာရုံစိုက်ခဲ့တာဖြစ်တဲ့အတွက် တစ်ခြား ပြိုင်ဘက်တွေ ကမ်းလှမ်းသလောက် မကျယ်ပြန့်ခဲ့ဘူးလို့ သိရပါတယ်။

ယခုအခါမှာတော့ Amazon အနေနဲ့ ပိုမိုကြီးမားတဲ့ ပြည်တွင်းအွန်လိုင်းစတိုးနဲ့အတူ စင်ကာပူမှာ ချဲ့ထွင်လုပ်ကိုင်ဖို့ ပြင်ဆင်လာတာလည်းဖြစ်ပါတယ်။

**Source:** https://www.channelnewsasia.com/news/

SFJ Strategy First Journal

## တရုတ်က မြန်မာ့ပြောင်းကိုတရားဝင်တင်ပို့ခွင့် အသိအမှတ်ပြုသည့် ကုန်စည်အဖြစ်သတ်မှတ်ပေးရေး ဆွေးနွေးထား

တရုတ်နိုင်ငံက မြန်မာ့လယ်ယာထွက်ကုန် ၈ မျိုးကိုသာ တရားဝင် တင်သွင်းခွင့်ပြုထား၍ ပြောင်းသီးနှံကို တရားဝင်သီးနှံအဖြစ် ပါဝင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ ပြောင်းကို တရုတ် AQSIQ က တရားဝင်တင်သွင်းခွင့်ရဖို့ နှစ်နိုင်ငံတာဝန်ရှိသူတွေ ညှိနှိုင်းနေတယ်။ ဒီဘက်ကလည်း အရည်အသွေး□ပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့လိုအပ်တာတွေရှိတယ်ဟု အဆိုပါဝန်ကြီးဌာန၊ ရှမ်းပြည်နယ်

ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းကပြောသည်။ လက်ရှိ ရှမ်းပြည်မြောက်ပိုင်းရှိ အစေ့ပြောင်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ကုန်စည်ဒိုင်များပါဝင်သော အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကျင်းပကာ ပြောင်းသီးနှံ မျိုးကောင်း၊ မျိုးသန့် ထုတ်လုပ်သုံးစွဲမှု၊ ဈေးကွက်ရရှိရေး၊ ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင်ပို့ရေးစသည်တို့ကို ဆွေးနွေးဖော်ဆောင်လျက် ရှိကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာ့ပြောင်း ဝယ်ယူမှုရပ်နားထားသည်မှာ တစ်နှစ်ခန့်ကြာမြင့်လာပြီဖြစ်၍ ပြည်တွင်း၌ ပြောင်းလက်ကျန် တန်ချိန်များစွာကျန်ရှိနေသလို ပြောင်းအများဆုံးစိုက်ပျိုးသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခုတည်းမှာပင် ယခုနှစ် ပြောင်းတန်ချိန် ၆ သိန်းခန့် ထွက်ရှိနိုင်ကြောင်း ပြောင်းကုန်သည်များထံမှသိရသည်။ ပြောင်းအသစ်ပေါ်တဲ့အချိန်မှာ ထိုင်းနိုင်ငံကိုပဲ အားထားတင်ပို့နေရတော့ အဖွင့်ဈေးကို ဈေးကောင်းပေးမဝယ်နိုင်ကြဘူး။ ဒီလိုရောင်းတာကလည်း ထိုင်းဘက်က ကန့်သတ်လိုက်ရင် တစ်ခါပြန်ပြီး အခက်အခဲတွေတွေ့လာနိုင်တယ်။ ဒီဘက်ကလည်း ပြောင်းမှာ မှိုတွေ၊ အစိုဓာတ်များတာတွေ မပါသွားအောင် ဂရုစိုက်နေရတယ်။ ဒီတော့ တရုတ်ကပြန်လည်ဝယ်ပေးမှဖြစ်မယ်။ ပြည်တွင်းမှာ ပြောင်းအသစ်ရော၊ အဟောင်းရော လက်ကျန်တွေများနေလို့ တရုတ်ဘက်ပြန်လည်ချိတ်ဆက်နိုင်မှဖြစ်မယ်။ မဟုတ်ရင် တရုတ်လောက် ထိုင်းကဈေးပေးမဝယ်နိုင်ဘူး။ အခု မြန်မာကဝယ်လိုက်တဲ့ပြောင်းတွေကို ထိုင်းကတရုတ်ဆီကို ပြန်လည်တင်ပို့ကုန်စနစ်နဲ့ ပြန်လည် တင်ပို့နေတယ်လို့သိရတယ်ဟု တောင်ကြီး-လားရှိုး ပြောင်းကုန်သည် ဦးဟန်လင်းကပြောသည်။

တရုတ်နိုင်ငံမှ ဆန်၊ သရက်၊ ဖရဲ၊ သခွား၊ ဇီးသီးစသည့် မြန်မာ့လယ်ယာထွက်ကုန် ၈ မျိုးကို တရားဝင်အသိမှတ်ပြု ထားသည်။ ၂၀၁၈- ၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ်မှ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ) အထိ ပြည်ပသို့ ပြောင်း တန်ချိန် ၁၅ သိန်းကျော် ကန်ဒေါ်လာ သန်း ၂၇၀ ကျော် ရရှိထားပြီး၊ ယင်းပမာဏထဲတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၂၀၀၀၀၀ ကျော် ကန်ဒေါ်လာ သန်း ၄၀ ကျော်၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၃ သိန်းကျော် ကန်ဒေါ်လာ သန်း၂၃၀ ကျော် ရရှိထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2487583481327133?__tn__=K-R

## ရှောက်သီးနှင့်သံပုရာသီးအထွက်နှုန်း ကောင်းလာသော်လည်း ဈေးကောင်းမရ၍ တောင်သူများအခက်ကြုံ

ယခုနှစ်အတွင်း ရှောက်သီးနှင့်သံပုရာသီး အထွက်နှုန်းကောင်းလာသော်လည်း ဈေးကောင်းမရ၍ တောင်သူများ အခက်ကြုံနေကြောင်းသိရသည်။ သံပုရာသီးက ပြည်တွင်း ဈေးကွက်ပဲရှိတယ်။ ပြည်ပမပို့နိုင်သေးဘူး။ ဒီကနေတန်ဖိုးမြှင့် ထုတ်လုပ်တာကလည်း မလွယ်လှဘူး။ သံပုရာပင်ကို စိုက်ကတည်းက ရေသွင်းပြီးစိုက်ရတော့ ကုန်ကျစရိတ်များတယ်။ အရင်နှစ် ဒီလိုအချိန်က လက္ကားပေးတာ တစ်လုံးကို ၉ ကျပ်ကနေ ၂၀ ကျပ်ရတယ်။ ဒီနှစ်တော့ အထွက်များကြတာကြောင့် ၄ ကျပ်လောက် ကျဆင်းတယ်ဟု တိုက်ကြီးမြို့နယ်ရှိ သံပုရာစိုက်တောင်သူ ဦးကျော်ဟိုးကပြောသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ကောင်းများ ရရှိရန်အတွက် တန်ဖိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ပြည်ပမှ တရားမဝင် ဝင်ရောက်နေမှု များကိုလည်း ထိန်းချုပ်ပေးရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။ သံပုရာသီးခူးဆွတ်ဖို့ လုပ်သားငှားရမ်းခကလည်း တက်လာတယ်။ ခေါ်ချင်တိုင်းလည်းခေါ်လို့မရဘူး။ ဈေးကလည်း မကောင်းတော့ လာမယ့်နှစ်တော့ လျှော့ချစိုက်မယ် စိတ်ကူးထားပါတယ်။ ဒီအတိုင်းဆို ရေရှည်ဆက်သွားလို့ မရနိုင်ဘူး။ သံပုရာပင်ကို ဒေသအလိုက် ရာသီမရွေးစိုက်ပျိုးကြတယ်။ နွေရာသီအချိန်ဆိုရင်တော့ သံပုရာသီးက ဈေးကောင်းရတယ်။ နွေမှာ အသီးသီးအောင် လုပ်နိုင်ရင်တော့ ဈေးကောင်း ရနိုင်တယ်။ တောင် သူ အများစုကတော့ ကိုက်ဖြတ်စိုက်နည်းများလာတယ်။ သံပုရာသီး အမျိုးအစားအပေါ်မူတည်ပြီးတော့ အလုံးရေများတယ်။ ခူးဆွတ်ဖို့ လုပ်သားရှားပါးလာတယ်ဟု မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ရှောက်၊ သံပုရာစိုက်တောင်သူ ဦးအောင်သူရကပြောသည်။ ထို့ပြင် သံပုရာသီးစိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းများ ဆက်တိုက်ကျ ဆင်းလာခြင်းက အခြေအနေကို ပို၍ဆိုးရွားလာစေကြောင်း ပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိစေရေး ကူညီဆောင်ရွက်ပေးရန်နှင့် တန်းဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ စက်ပစ္စည်းများ ပံ့ပိုးပေးရန်လိုအပ်ကြောင်း တောင်သူများကဆိုသည်။ သံပုံရာမှာ စိုက်ပျိုးပြီးတစ်နှစ်အကြာတွင် အသီးခူးဆွတ်နိုင်ပြီး (၇) နှစ်ခန့် အသီးခူးဆွတ်နိုင်ကြောင်း သိရ သည်။ တစ်နှစ်လျှင် ဇန်နဝါရီလမှ မတ်လ အထိ၊ ဇူလိုင်လမှ နိုဝင်ဘာလအထိ ထွက်ရှိကာ ရန်ကုန်၊ စစ်ကိုင်း၊ နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီးတွင် စဉ့်ကိုင်၊ ပုသိမ်ကြီးမြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးကြောင်း သိရ သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2486010564817758?__tn__=K-R

## မြန်မာ့သခွားမွေး ပြည်ပဝယ်လိုအား ရပ်တန့်နေ



ယခုလပိုင်းအတွင်း မြန်မာ့သခွားမွေးပြည်ပဝယ်လိုအားမှာ ရပ်တန့်နေကြောင်း မြန်မာနိုင်ငံ ဖရဲ ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ တရုတ်ပြည်မှ ဝယ်လိုအားမရှိသေးတဲ့အတွက် မြန်မာ့သခွားမွေးဝယ်လိုအား ရပ်တန့်နေတာဖြစ်တယ်လို့ မြန်မာနိုင်ငံဖရဲ ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌဦးနိုင်ဝင်းကပြောပါတယ်။ မြန်မာ့သခွားမွေးက အခုချိန်ထိ ဝယ်လိုအားမရှိသေးဘူး။ တင်ဒါမရသေးဘူးရပ်တန့်နေတယ်။ တရုတ် ပြည်ဘက်မှာကပေါ်နေတဲ့အချိန်ဖြစ်နေတော့ ဝယ်လိုအားမရှိသေးတာလည်းပါတယ်။ ဒါကြောင့် အခုချိန်ထိ အော်ဒါမရသေးတာပါ။ ပြည်တွင်းမှာပဲရောင်းနေသေးတာပါ။

မြန်မာ့သခွားမွေးကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ၊ ပဲခူးတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့သခွားမွေးကို အောက်တိုဘာလလယ်ပိုင်းမှစတင်ကာ တရုတ်ကိုအဓိကထား တင်ပို့သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/myanmar_melon_stop_buying_from_other_countries

## အလယ်အလတ်နှင့်အထက်တန်းအဆင့် ဆန်ဈေးကွက် အနာဂတ်ကောင်းမွန်လာနိုင်

တရုတ်နိုင်ငံသည် လူဦးရေကြီးမားသည့် နိုင်ငံဖြစ်ပြီး စားသုံးမှုကြီးမားသောနိုင်ငံလည်းဖြစ်ပါသည်။ ဆန်သည် တရုတ်မိသားစုတို့အတွက် မရှိမဖြစ်လိုအပ်သော အဓိကအစားအစာဖြစ်ပါသည်။ စားသုံးမှုအဆင့်အတန်း တိုးမြင့်လာ သည်နှင့်အမျှ အလယ်အလတ်နှင့်အထက်တန်းအဆင့်ဆန်ကို စားသုံးသူများက ပိုမိုနှစ်သက်လာကြပြီး ဈေးကွက်အလားအလာ အလွန်ကောင်းမွန်ခဲ့ကြောင်း သိရပါသည်။ Qianzhan Industry Research Institute ထုတ်ပြန်သောဒေတာအရ ၂၀၁၅ ခုနှစ် တရုတ်နိုင်ငံ အလယ်အလတ်နှင့်အထက်တန်းဆင့်ဆန်ဈေးကွက်ပမာဏမှာ တရုတ်ယွမ်ငွေ ၁၇.၃ ဘီလီယံခန့်ရှိပြီး ပြီးခဲ့သည့်နှစ်ထက် Compound Annual Growth Rate ခန့်မှန်းခြေ ၁၈% တိုးမြင့်ခဲ့သည်။ ထုတ်ပြန်တွက်ချက်မှုများအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံအထက်တန်းအဆင့် ဆန်ဈေးကွက်ပမာဏမှာ တရုတ်ယွမ်ငွေ ၆ ဘီလီယံအထိရောက်ရှိနိုင်မည်ဖြစ်၍ ကြီးမားသောတိုးတက်မှုဖော်ဆောင်နိုင်မည်ဖြစ်သည်။ စီးပွားရေးလျင်မြန်စွာ တိုးတက်လာမှုကြောင့် လူသားတို့၏ ဝယ်ယူနိုင်မှုလည်း ဆက်လက်တိုးတက်လျက်ရှိပါသည်။ လူများသည် အစာဝလုံလောက်သော ခေတ်မှကောင်းမွန်စွာ စားသုံးသော ခေတ်သို့ ရောက်ရှိခဲ့၍ ဆန်အမှတ်တံဆိပ်အချို့သည် ဈေးကွက်ပြောင်းလဲမှုအခွင့်အရေးများကိုတွေ့ရှိခဲ့ကာ အရည်အသွေးမြင့်အထက်တန်းအဆင့် ဆန်အမှတ်တံဆိပ်တစ်စုသည် လျင်မြန်စွာပေါ်ထွက်လာခဲ့သည်။ ဆန်သည် အဆင့်မြင့်လမ်းကြောင်းသို့ စတင်ဝင်ရောက်ခြင်းသည် အတိုင်းအတာတစ်ခုအတွင်း ဈေးကွက်တိုးတက်မှုအတွက် ကောင်းမွန်စွာဖွံ့ဖြိုးခဲ့သည်။ ဆန်သည် ကျန်းမာ၍ အစိမ်းရောင်ထုတ်လုပ်မှုဘက်သို့ဖွံ့ဖြိုးခဲ့ပြီး ဈေးနှုန်းချိုသာမှုတစ်ခုတည်းကိုသာ မလိုက်စားတော့ဘဲ အရည်အသွေးပေါ်တွင် တရားမျှတစွာယှဉ်ပြိုင်၍ အမှတ်တံဆိပ်အရည်အသွေးကို မြင့်တင်ခြင်းသာလျှင် စားသုံးသူများ၏နှစ်သက်မှုကို ရရှိနိုင်သော ခိုင်မာသည့်အခြေခံဖြစ်လာသည်။ ဈေးနှုန်းနှင့်ဆိုင်လျှင် စားသုံးသူများက အရည်အသွေးကိုပိုမိုအလေးထားလာကြသည်။ ဥပမာ– Ru Yu Huang Fei ကဲ့သို့သော အလယ်အလတ်နှင့်အထက်တန်းအကြားရှိသော ဆန်အမှတ်တံဆိပ်မှာ ဈေးကွက်တွင် အရောင်းသွက်နေကြောင်းသိရပါသည်။ ၂၀၁၄ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ ဆန်ဈေးကွက်တင်သွင်းမှု ပမာဏမှာ ဆက်လက်မြင့်တက်နေပြီး အရည်အသွေးမြင့်ဆန်၏ ကုန်ကြမ်းတင်သွင်းမှုသည် Ru Yu Huang Fei ကဲ့သို့သော တရုတ်ပြည်တွင်းဆန်လုပ်ငန်းအတွက် အကျိုးပြုပေးခဲ့သည်။ လက်ရှိတွင် စားသုံးသူများက အလယ်အလတ်နှင့်အထက်တန်းအဆင့် ဆန်အပေါ်ရှိ ကြိုက်နှစ်သက်မှုမှာ ဆက်လက်တိုးမြင့်နေပြီး အနာဂတ်ဈေးကွက် ဆက်လက်တိုးချဲ့လာမည်ဖြစ်၍ ဦးတည်သော စားသုံးသူအုပ်စုမှာလည်း ပိုမိုကျယ်ပြန့်လာကြောင်း သိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/posts/1447247855431636?__tn__=K-R

**Timeline shortened for Dawei SEZ**

Officials from Thailand and Myanmar are speeding up development of the Dawei Special Economic Zone (SEZ). Officials from the two countries discussed the longstanding SEZ project at a Myanmar-Thailand Joint Coordinating Committee meeting in Nay Pyi Taw. The committee discussed the timeline to complete the project's initial phase and move into its final phase, as well as power and other infrastructure development. Both sides agreed to try and speed up work on the SEZ, which has been developing in fits and starts since 2008.

If the Dawei SEZ were to be completed, it could be the largest of its kind in Southeast Asia. A tax haven for foreign trade and manufacturing, the SEZ is planned in nine zones, a deep sea port and a new highway linking Dawei with the Thai border. However, disputes with Thai partners slowed development and eventually halted progress entirely in 2013. Although resumed in 2015 with new investment from Japan, power and transportation issues remain at the top of the list of development goals.

One key component, according to the committee, will be an ambitious new highway linking Dawei to Kanchanaburi, Thailand. That project will be funded by a MMK 220.6 billion, 0.1 percent interest loan from Thailand. Furthermore, the government also plans to renovate and expand Dawei's airport.

**Myanmar auto industry revs up**

Myanmar automotive factories are upping their output in response to higher demand, according to an industry analysis by the Myanmar Times. Production has increased from both Japanese and Chinese brands, taking ad-vantage of growing local demand, improved infrastructure and the development of Myanmar's special economic zones. The number of cars on Myanmar roads is estimated to reach 2 million by 2020.

Suzuki Myanmar Motor Co. Ltd., which claims to hold 60 percent of the local market, increased production this year to 15,000 cars and trucks, up from 12,000 in 2018, according to data obtained by the the Myanmar Times. The Suzuki Ertiga, a mid-sized SUV, has become one of the fastest-selling personal cars in Myanmar. Suzuki assembles them in the Thilawa Special Economic Zone, located outside of Yangon.

In May, Toyota, another Japanese brand, also announced plans for a new manufacturing plant in the Thilawa SEZ, valuing USD 53 million. The Toyota factory will mainly produce the popular Hilux line of light pickup trucks.

Chinese automakers are also making inroads into the Myanmar market. Gold AYA Motor International is investing USD 30 million in a new plant in Mandalay's Myotha Industrial Zone. Gold AYA Motor plans to roll out 50,000 new vehicles over the next five years, made with a combination of locally-manufactured and imported parts. However, the company aims to eventually manufacture all of the parts itself and produce the first ever entirely Myanmar-made cars.

**Huawei will remain big part of Myanmar telecom development**

Chinese tech giant Huawei will remain a big player in Myanmar's telecom sector development despite security warnings from the United States and other countries. Huawei Myanmar spokesperson Zhu Bo has claimed that Huawei communications networks already serve around one-third of people in Myanmar,

according to a Radio Free Asia (RFA) report. The company will continue to play a key role in developing Myanmar's 5G service, which was first tested by local carrier MyTel in August. The Ministry of Transport and Communications aims for full 5G integration in the next few years, which could be 20 times faster than 4G data speeds, the Myanmar Times reported. However, Huawei has been mired in international controversy. The United States suspects Huawei of aiding the Chinese government in cyperspying and espionage. The U.S. and other countries have placed Huawei on international watch lists for entities acting against their national interests. Myanmar, however, seems unconcerned with the suspicions leveled against Huawei, which controls 30 percent of the global telecom equipment market. In May, U Soe Naing, deputy director general of the Ministry of Transport and Communications, commended the company for its role in Myanmar's 5G buildout and said the ministry looks forward to their continued relationship. The business relationship is one of many with China, which Myanmar has turned to amid cooling relations with Western nations over alleged human rights abuses along its western border.

**Thai Chang Beer brewed in Yangon**

Yangon's new Emerald Brewery canned its first Chang beer on September 25th. Singaporean firm Fraser and Neave (F&N) invested US$70 million into the new facility, which will be brewing the famous Thai beer brand at a capacity of 500,000 hectoliters per year.

At the brewery's First Canning ceremony, F&N executive committee chair Mr Koh Poh Tiong called Myanmar's beverage industry a "a fast-growing market." The company also boasted of Emerald Brewery's sustainable and environ-mentally-friendly brewing practices, which include water recirculation and solar power. F&N's other drinks include 100PLUS and Teapot, all of which are already popular in Myanmar. But this will be the company's first venture into hard beverages, following in the footsteps of foreign beer brands such as Heineken and Carlsberg.

Carlsberg is currently embroiled in a criminal lawsuit from a distributor that claims the company swindled it out of almost US$400,000. But despite Carlsberg's legal woes, Myanmar's beverage market may indeed be growing. In June, the Ministry of Commerce announced that it would relax strict alcohol regulations that have banned beer and

liquor imports for all but certain hotels and embassy clubs. The import ban has led to rampant smuggling and counterfeiting and a huge grey market in which hotels sell their excess imports to small liquor shops. Chang Beer, smuggled across the Thai border, remains one of Myanmar's best-selling black market products. How Emerald Brewery's legitimate Chang will fare against its cross-border competition remains to be seen, especially in eastern towns such as Hpa-Ann, which is closer to Thailand than to Yangon.

**Source: Thura Swiss News (Issue 386 October 10, 2019)**

# STOCK EXCHANGE (10.10.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 10th Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,301 | 14,961,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +300 | +8.22% | 3,700 | 3,950 | 3,700 | 3,186 | 12,098,200 | 38,929,150 | 153,770 |
| MCB | 00003 | 8,300 | +0 | +0.00% | 7,300 | 8,300 | 7,300 | 2,486 | 20,501,800 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | +1,000 | +4.44% | 22,500 | 23,500 | 22,500 | 1,260 | 29,182,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 5 | 14,750 | 12,823,224 | 37,829 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 473.09 | +10.33 | +2.23% | 456.59 | 473.09 | 456.59 | 8,238 | 76,758,250 | 5 | 647,817 |

### Index chart




# Market Overview

As of 1:00 pm, 10th Oct. 2019

| MYANPIX | 473.09 ▲ 10.33 |
|---|---|
| Total Volume (shares) | 8,238 |
| Total Value (MMK) | 77 mil |
| Listed Company | 5 |
| Market Cap. (MMK) | 647,817 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 300 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 1,000 |
| TMH | 00005 | 2,950 | ▲ 0 |